# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 15, 2026 | Volume 102 , Number 10


၁၅. ၅. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၅.၂၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၄၂၇၈၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၆.၇၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၅.၈၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၁.၆၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၉ ကျပ် |

## ဘိလပ်မြေအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအချို့ ဈေးကျ




အခုမေလအတွင်း ဘိလပ်မြေအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတချို့ရဲ့ ဈေးနှုန်းတွေဟာ အနည်းငယ်စီ ပြန်လည်ကျဆင်းလာတယ်လို့ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း အရောင်းဈေးကွက်က သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီလထဲက အတက်ဈေးမှာ ရှိတဲ့ခဲ့ သံချောင်း၊ ဘိလပ်မြေ၊ သဲ၊ ကျောက်၊ သွပ် စတဲ့ ဆောက်လုပ်ရေး လုပ်ငန်း သုံးပစ္စည်းဈေးနှုန်းတွေဟာ အနည်းငယ် ပြန်လည် ကျဆင်းလာတာ ဖြစ်ပါတယ်။

ဧပြီလ ဒုတိယပတ်အတွင်းက တံဆိပ်အမျိုးအစားအလိုက် ဘိလပ်မြေတစ်အိတ်ကို အများဆုံး ကျပ် ၂၈,၀၀၀ ဝန်းကျင်ကနေ အနည်းဆုံး ၂၇,၀၀၀ ဝန်းကျင်ရှိခဲ့ရာကနေ တစ်ဖြည်းဖြည်း ကျဆင်းလာပြီး အခုမေလထဲမှာ တစ်အိတ်ကို အများဆုံး ၂၃,၅၀၀ ကျပ် ဝန်းကျင်ကနေ အနည်းဆုံး ၂၂,၅၀၀ ဝန်းကျင် ဈေးတန်းကို ရောက်ရှိလာတာပါ။

အလားတူ သံချောင်းဈေးဆိုရင်လည်း ပြည်တွင်း HRB 400 Local ၊ HRB 400 Local Export Quality ၊ HRB 400 Original သံချောင်းအမျိုးအစားတွေကလည်း အရွယ် အစားအလိုက် ဈေးနှုန်းတွေ ပြန်လည်ကျဆင်းလာတယ်လို့ သံချောင်းဈေးကွက်ကနေ သိရပါတယ်။

ဆောက်ရေးလုပ်ငန်းခွင်တွေမှာ အဓိကအသုံးပြုနေတဲ့ ကျောက်နဲ့သဲ ဈေးနှုန်း တွေက လည်း အနည်းငယ်စီ ပြန်ကျလာပြီး အိမ်အရောက် သဲတစ်ကျင်းကို ကျပ် တစ်သောင်း ကျော်နဲ့ ကျောက်တစ်ကျင်းကို ကျပ်နှစ်သောင်းအထိ ပြန်ကျလာတယ်လို့ ဆောက်လုပ် ရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောပြပါတယ်။


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

အုတ်ဈေးတွေကတော့ ပုံမှန်ဈေးတန်းမှာပဲရှိနေပြီး အရောင်းအဝယ် အေးနေပါတယ်။ ရန်ကုန်မှာ အိမ်အရောက် ၈ ပေါက် စက်အုပ် ပထမတန်းစား တစ်လုံးကို ၄၃၅ ကျပ်ဝန်းကျင်၊ ဒုတိယတန်းစား တစ်လုံးကို ၄၂၅ ကျပ်ကနေ ၄၂၈ ကျပ်ဝန်းကျင်နဲ့ တတိယတန်းစား တစ်လုံးကို ကျပ် ၄၂၀ ကနေ ၄၂၅ ကျပ်ဝန်းကျင် ပေါက်ဈေးရှိတယ်လို့ ရန်ကုန်အုတ်ဒိုင်တွေကနေ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မကွေးတွင် ရှမ်းကုန်စိမ်းများ ဈေးကျပြီး ရောင်းအားကောင်းနေ



မကွေးတိုင်းဒေသကြီးအတွင်းမှာ အခုကာလဟာ ရှမ်းပြည်နယ်ဘက်ကနေ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ မုန်ညင်း၊ ဘိုစားပဲသီး၊ မုန်လာဥနီ စတဲ့ ကုန်စိမ်းတွေကို မှာယူရောင်းချရပြီး လက်ရှိမှာ ဈေးကျနေပေမဲ့ ရောင်းအားကောင်းနေတယ်လို့ ကုန်စိမ်းရောင်းချသူတွေက ပြောပါတယ်။

ရှမ်းကုန်တွေထဲမှာ ပြီးခဲ့တဲ့လက ၃၅၀၀ ကျပ် ရှိခဲ့တဲ့ ခရမ်းချဉ်တစ်ပိဿာဈေးက အခု ၂၅၀၀ ကျပ် ၁၀၀၀ လောက်ကျဆင်းခဲ့ပြီး ကျပ် ၂၀၀၀ ကျော်ထိ ဈေးရှိခဲ့တဲ့ ပန်းမုန်လာနဲ့ဂေါ်ဖီဈေးတွေကလည်း တစ်မျိုးကို ကျပ် ၃၀၀ လောက်စီ ဈေးကျလာပါတယ်။

ရှမ်းပြည်နယ်က ထွက်ရှိတဲ့ ကုန်စိမ်းတွေကို ပြီးခဲ့တဲ့ ဧပြီလကုန်ပိုင်းက စတင်ကာ မှာယူရောင်းချနေကြပြီး လာမဲ့ အောက်တိုဘာလဆိုရင် ကုန်စိမ်းဈေးတက်လေ့ရှိတယ်လို့ သိရပါတယ်။

လတ်တလောမှာ ရှမ်းပြည်နယ်ဘက်ကနေ မှာယူရောင်းချရတာက စက်သုံးဆီအခက်အခဲကြောင့် ကားခဈေးအနည်းငယ်မြင့်တက်နေတာတော့ရှိတယ်လို့ မကွေးမြို့က ကုန်စိမ်းရောင်းချသူတွေက ပြောပါတယ်။

**Source:** https://onenewstvchannel.com/

## ကျောင်းဖွင့်ရာသီအမီ တရုတ်ထုတ်ကျောပိုးအိတ်များ ဈေးကွက်အတွင်းဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်နေ

ကျောင်းဖွင့်ရာသီအမီ တရုတ်ထုတ်ကျောင်းသုံး ကျောပိုးအိတ်များမှာ မန္တလေးဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း ဒေသခံဈေးသည်များထံမှ သိရပါတယ်။



ကုန်သွယ်ရေးလမ်းကြောင်းများပိတ်ဆို့မှုနှင့် ကုန်ပစ္စည်း တင်သွင်းမှု ကန့်သတ်ချက်များကြောင့် ကျောင်းသုံးကျောပိုးအိတ် များမှာ ဈေးကွက်အတွင်းဝင်ရောက်မှု ပုံမှန်ထက်အနည်းငယ်နှောင့်နှေးနေခဲ့ရခြင်းဖြစ်တယ်လို့ သိရပါ တယ်။

“ပုံမှန်ဆိုရင် သင်္ကြန်ပြီးတာနဲ့ဝင်နေကျ။ အခုက နည်းနည်းနောက်ကျသွားတာ။ အချိန်မီရုံပေါ့။ ဈေးကတော့ထုံးစံအတိုင်း အတက်ပဲလေ၊ ၂ ဆကျော်သွားတယ်။ ဒါပေမဲ့ အရောင်းအဝယ်က တော်တော်လေးဖြစ်တယ်ဗျ။ တန်ဖိုးနည်းတာတွေကတော့ အဓိကရောင်းရတာပေါ့” လို့ အောင်မြေသာစံမြို့နယ်မှ စတိုးဆိုင်ပိုင်ရှင်တစ်ဦးက ပြောပါ တယ်။

ကျောပိုးအိတ်ဈေးနှုန်းများမှာ သယ်ယူပို့ဆောင်ရေးစရိတ်များမြင့်မားမှုကြောင့် ယမန်နှစ်ကထက် ၂ ဆကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရပါတယ်။

လက်ရှိအချိန်တွင် ကျောင်းသုံးကျောပိုးအိတ်ဈေးနှုန်းများမှာ တစ်လုံးလျှင် ငွေကျပ် ၃၀,၀၀၀ မှ ၁၀၀,၀၀၀ ကျော် အထိ ရှိလာကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ညှော်မထဆန် (မနေသုခ )သစ်နှင့် ပေါ်ဆန်းမွှေး (သစ်)တို့ဈေးတက်ပြီး ဖွဲနုဈေးကျကာ ညှော်မထဆန်(မနေသုခ)ဟောင်း၊ ပေါ်ဆန်းမွှေးဟောင်းနှင့် ဆန်ကွဲ (B1,2)/(B2,3,4)ဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါး လက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၁၅.၅.၂၀၂၂ရက်နေ့တွင်ညှော်မထဆန်(ဟောင်း)တစ်အိတ် ၈၀,၀၀၀ ကျပ်၊ ညှော်မထဆန်(သစ်) တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ (B1,2)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဆန်ကွဲ (B2,3,4)တစ်အိတ် ၄၅,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

၈.၅.၂၀၂၂ရက်နေ့တွင် ညှော်မထဆန်ဟောင်းတစ်အိတ် ၈၀,၀၀၀ ကျပ်၊ ညှော်မထဆန်သစ်တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ဆန်ကွဲ (B1,2) တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဆန်ကွဲ (B2,3,4)တစ်အိတ် ၄၅,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၈,၈၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန်(မနေသုခ)သစ် တစ်အိတ် ၅၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး(သစ် ) တစ်အိတ် ၁၀,၀၀၀ကျပ်တို့ဈေးမြင့်တက်ပြီး ဖွဲနုတစ်အိတ် ၁၈၀၀ ကျပ်ဈေးကျကာ ညှော်မထဆန် မနေသုခဟောင်း ၊ ပေါ်ဆန်းမွှေးဆန်ဟောင်းနှင့် ဆန်ကွဲ (B1,2)/(B2,3,4)တို့မှာ ဈေးငြိမ်လျက်ရှိနေသည်။

ညှော်မထဆန်မနေသုခသစ်နှင့် ပေါ်ဆန်းမွှေးသစ်ဈေးတက်ရခြင်းမှာ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ပြီး ဖွဲနုဈေးကျဆင်းရခြင်းမှာ ဝယ်လိုအားနည်းခြင်းကြောင့်ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်မှ သိရသည်။

**Source :** ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်တိုးတက်စေရန် ရည်ရွယ်ပြီး ASEAN အဖွဲ့ဝင်နိုင်ငံများအတွင်း ဆွေးနွေးမှုများကို ပြန်လည်စတင်ရန်ကြိုးပမ်း

ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်တိုးတက်စေရန်ရည်ရွယ်ပြီး ASEAN အဖွဲ့ဝင်နိုင်ငံများအတွင်း ဆွေးနွေးမှုများကို ပြန်လည်စတင်ရန် ကြိုးပမ်းနေကြောင်း မကြာသေးမီက ထုတ်ပြန်ထားသော သတင်းများအရသိရသည်။

ယင်းသည် မြန်မာ နိုင်ငံအတွင်း ၂၀၂၁ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့သည့် နိုင်ငံရေးအကြပ်အတည်းများကြောင့် ရပ်တန့်နေသည့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်အသက်သွင်းနိုင်ရန် ကြိုးစားမှုတစ်ရပ် ဖြစ်သည်။

ထိုင်းဘက်မှ မြန်မာနိုင်ငံကို ASEAN framework အတွင်း ပြန်လည်ပေါင်းစည်းနိုင်ပါက ဒေသတွင်းကုန်သွယ်ရေးနှင့်

စီးပွားရေးဆက်သွယ်မှုများ ပြန်လည်တိုးတက်လာနိုင်မည်ဟု ယုံကြည်ထားသည်။ အထူးသဖြင့် ထိုင်း–မြန်မာနယ်စပ်တွင် လုပ်ဆောင်နေသော ကုန်သွယ်ရေးလမ်းကြောင်းများသည် နှစ်နိုင်ငံစီးပွားရေးအတွက် အရေးပါသည့်အခန်းကဏ္ဍတစ်ခုဖြစ်ပြီး ယင်းလမ်းကြောင်းများပြန်လည် တက်ကြွလာပါက လယ်ယာထွက်ကုန်များ၊ သဘာဝသယံဇာတများနှင့် အခြေခံကုန်ပစ္စည်းများ၏ ကူးသန်းရောင်းဝယ်ရေး တိုးတက်လာနိုင်ကြောင်း သုံးသပ်သူ များက ဖော်ပြကြသည်။

ထို့ပြင် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရေးပါစွာစဉ်းစားနေပြီး သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ ပူးပေါင်းမှုများသည် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့်အချက်တစ်ခုဖြစ်ကြောင်း သုံးသပ်ထားသည်။

သို့သော် ယင်းကဲ့သို့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး တည်ငြိမ်မှုနှင့် လုံခြုံရေးအခြေအနေများ တိုးတက်လာရန် လိုအပ်နေသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်း ပြည်တွင်းပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသော အခြေအနေများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် အရေးပါသောသက်ရောက်မှုရှိစေပြီး စီးပွားရေးပြန်လည်တည်ဆောက်ရေးကို နှောင့်နှေးစေကြောင်းလည်း တွေ့ရှိရသည်။

ထိုင်းနိုင်ငံ၏ ယခုကြိုးပမ်းမှုသည် မြန်မာနိုင်ငံကို ASEAN အတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန်သာမက ဒေသတွင်း စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းရန်လည်း ရည်ရွယ်ထားခြင်းဖြစ်သည်။

သို့သော် အဆိုပါရည်ရွယ်ချက်များ အောင်မြင်နိုင်ရန် အတွက် ASEAN အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံအတွင်း အပြောင်း အလဲများလုပ်ဆောင်နိုင်ရန်မှာ အရေးကြီးသည့် အချက်များအဖြစ် ဆက်လက်တည်ရှိနေသည်။

**Source : Bangkok Post**

**ရည်မွန်လှိုင်၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

## ရုရှားနှင့် မြန်မာတို့သည် ရေနံချက်စက်ရုံတည်ဆောက်မှုနည်းပညာဆိုင်ရာ ကန့်သတ်ချက်များအပေါ် တိုင်ပင်ဆွေးနွေး

ရုရှားနှင့် မြန်မာတို့သည် ရေနံချက်စက်ရုံတည်ဆောက်မှုနည်းပညာဆိုင်ရာသတ်မှတ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ရုရှားသံရုံးက သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၏ ရေနံစိမ်းသန့်စင်မှုစွမ်းရည်သည် ပြည်တွင်းဝယ်လိုအား၏ ၂ / ၃ ရာခိုင်နှုန်းသာ အကျုံးဝင်သောကြောင့် ရုရှားအကူအညီဖြင့် သန့်စင်သောစက်ရုံတည်ဆောက်ရေးသည် အထူးလိုအပ်သော စီမံကိန်းတစ်ခုဖြစ်သည်။

သံတမန်မစ်ရှင်က ရုရှားနှင့်စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာ၏ စိတ်ဝင်စားမှုသည် ရေရှည်ဖြစ်ပြီး လက်ရှိအကြပ်အတည်းအခြေအနေနှင့်မသက်ဆိုင်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ရေနံသန့်စင်ခြင်းအပြင်၊ ပါတီများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာအစပျိုးမှုများစွာကို ဆွေးနွေးနေကြသည်ဟု Izvestia က ဖော်ပြသည်။

အသေးစားရေအားလျှပ်စစ်၊ လေအားနှင့် နေရောင်ခြည် စွမ်းအင်သုံးပရောဂျက်များကို ဖော်ဆောင်လျက်ရှိသည်။ အဆိုပါ နယ်မြေများ သည် ၎င်းတို့၏အစောပိုင်းအဆင့်တွင်ရှိနေသော်လည်း ၎င်းတို့၏ အလားအလာမှာ သံသယကင်းရှင်းကြောင်း သံရုံးက မှတ်ချက်ပြုသည်။

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းကြားတွင် အစဉ်အလာအားဖြင့် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည်အသုံးပြုသော စက်သုံးဆီတင်သွင်းမှုအပေါ် မှီခိုနေရသောမြန်မာနိုင်ငံသည် အစားထိုး ထောက်ပံ့ရေးလမ်းကြောင်းများကို

ရှာဖွေရန် သိသိသာသာအရှိန်မြှင့်လာခဲ့သည်။

ပြည်နယ် Duma လက်ထောက် Alexei Chepa က ယခင်က ပြောကြားခဲ့သည့်အတိုင်း ရေနံအပါအဝင် ရုရှားစွမ်းအင် ရင်းမြစ်များကိုဝယ်ယူရန် နိုင်ငံ၏စိတ်ဝင်စားမှုသည် မကြာသေးမီလများအတွင်း သိသိသာသာမြင့်တက်လာခဲ့သည်။

ဧပြီလတွင် ရုရှားစွမ်းအင်ဝန်ကြီးဌာနသည် မြန်မာနိုင်ငံနှင့် ကျယ်ပြန့်သောရေနံထွက်ကုန်များနှင့် သဘာဝဓာတ်ငွေ့ရည်များ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Source: :** https://www.angi.ru

**အောင်ဖြိုးထွဋ်၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့**

## STOCK EXCHANGE (15.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th May, 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,184 (Shares) | 86,462,650 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,500 | -500 | -3.57% | 14,000 | 14,000 | 13,500 | 392 | 5,446,500 | 33,109,694 | 446,981 |
| MTSH | 00002 | 6,500 | +100 | +1.56% | 6,400 | 6,500 | 6,400 | 6,006 | 38,463,500 | 38,929,150 | 253,040 |
| MCB | 00003 | 9,400 | +0 | +0.00% | 9,400 | 9,400 | 9,400 | 1 | 9,400 | 10,400,986 | 97,769 |
| FPB | 00004 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 5,763 | 25,357,200 | 31,144,738 | 137,037 |
| TMH | 00005 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 239 | 786,900 | 12,823,224 | 41,676 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 1,346 | 2,355,500 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 367 | 1,449,650 | 10,497,598 | 41,466 |
| MAEX | 00008 | 4,200 | +100 | +2.44% | 4,100 | 4,200 | 4,100 | 3,070 | 12,594,000 | 23,804,946 | 99,981 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 14th May, 2026

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 607.79 | -5.76 | -0.94% | 613.55 | 616.86 | 607.79 | 17,184 | 86,462,650 | 8 | 1,152,910 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 14th May. 2026

| Trading Volume | Trading Value |
|---|---|
| 17,698 (Shares) | 90,923,850 (MMK) |

## Main Board

As of 1:00 p.m. 14th May. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,184 (Shares) | 86,462,650 (MMK) |

| MYANPIX | 607.79 ▼ 5.76 |
|---|---|
| Total Volume (shares) | 17,184 |
| Total Value (MMK) | 86 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,152,910 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▼ 500 |
| MTSH | 00002 | 6,500 | ▲ 100 |
| MCB | 00003 | 9,400 | ▲ 0 |
| FPB | 00004 | 4,400 | ▲ 0 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,200 | ▲ 100 |

TIK

TIR